# တပါးအမျိုးသားများထံသို့ ဧဝံဂေလိသတင်း

YR C
NO. 7

အလွတ်ကျမ်းချက်။ တမန်တော်ဝတ္ထု ၁၀:၃၄၊ ၃၅

"အကယ်စင်စစ် ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ၊ လူအမျိုးမျိုးတို့တွင် ဘုရားသခင်ကို ကြောက်ရွံ၍ တရားသဖြင့် ကျင့်ဆောင်သောသူသည် အထံတော်၌ မျက်နှာရသည်ကို ငါသိမြင်၏။"





## တနင်္ဂနွေနေ့ | ဒေါ်ကာ (တမန်တော်ဝတ္ထု ၉:၃၂-၄၂) ၁

ပေတရုသည် ယေရုရှလင်၌ ကာလတော်တော်ကြာ အမှုဆောင်ပြီးနောက်၊ ညဉ်းပမ်းနှိပ်စက်မှုကြောင့် ယေရုရှလင်မြို့မှ ထွက်ပြေးပြီး ဘေးကင်းသောနေရာအသီးသီးသို့ ပြောင်းရွှေ့နေကြသော ယုံကြည်သူများထံသို့ လည်ပတ်သွားဖို့ရန် ဆုံးဖြတ်ခဲ့လေ၏။ ထို့နောက် ပေတရုသည် အရပ်ရပ်သို့ လည်ပတ်ရာ၌ ယေရုရှလင်မြို့၏အနောက်ဘက် မိုင် ၂၀ နီးပါးဝေးသောနေရာ၌ လုဒ္ဒမြို့တွင် အဲနေ အမည်ရှိသော သူတယောက်နဲ့ တွေ့ဆုံခဲ့လေ၏။ ထိုသူသည် လက်ခြေသေ၍ ရှစ်နှစ်လုံးလုံး အိပ်ရာပေါ်၌ တုံးလုံးနေသောသူ ဖြစ်၏။ ပေတရုသည် သူ့အား ဘာပြောဆိုခဲ့သနည်း။ ထို့နောက် ထိုသူသည် အဘယ်သို့ ဖြစ်သွားခဲ့သနည်း။ တမန်တော်ဝတ္ထု ၉:၃၄။ ထိုအမှုကြောင့်၊ ထိုနေရာ၌ရှိ၍ မြင်တွေ့ခဲ့သော လူအပေါင်းတို့သည် ယေရှုခရစ်တော်ကို ယုံကြည်သောသူများ ဖြစ်လာခဲ့သည်။

ထိုအံ့ဖွယ်နိမိတ်လက္ခဏာသတင်းသည် အလျန်အမြန် ပျံ့နှံ့သွားပြီး၊ မကြာမီတွင် ယုပ္ပမြို့၌ရှိသော ယုံကြည်သူများသည် ထို သတင်းကို ကြားခဲ့ကြ၏။ (ယုပ္ပမြို့သည် မြေထဲပင်လယ်ကမ်းရိုးတန်းရှိ မြို့တစ်မြို့ ဖြစ်ပြီး၊ လုဒ္ဒမြို့၏အနောက်ဘက် ၁၀ မိုင်ခန့် အကွာတွင် ရှိသည်။) ယုပ္ပမြို့၌ အလွန်ကြောက်မက်ဖွယ်ကောင်းသောအရာတစ်ခု ယုံကြည်သူများထံသို့ ဖြစ်ပျက်ခဲ့၏။ သူတို့သည် ပေတရုကို သူတို့၏မြို့သို့ အချိန်မှီ လာစေချင်ခဲ့လေ၏။

ယုပ္ပမြို့၌ တဗိသ သို့မဟုတ် ဒေါ်ကာအမည်ရှိသောတပည့်တော်မ တစ်ယောက်ရှိ၏။ သူမသည် အလွန်စွန့်ကြဲတတ်သောသူ ဖြစ်ပြီး၊ သူမတတ်နိုင်သောနေရာအသီးသီး၌ အမြဲကူညီနေတတ်၏။ သူမသည် ဆင်းရဲသားများအတွက် အဝတ်များချုပ်ပေး၏။ သူတပါးအား အလွန်ချိုသာနှိမ့်ချသောစကားများကိုသာ ပြောဆိုတတ်၏။ သို့သော် ဒေါ်ကာ၌ အ ဘယ်သို့ ဖြစ်ပျက်ခဲ့သနည်း။ အငယ် ၃၇။

ထိုတစ်ကြိမ်တွင်၊ ပေတရုသည် ယုပ္ပမြို့သို့ သွားခဲ့၏။ ဒေါ်ကာ၏ရုပ်သေကို အခန်းထဲ၌ လဲလျောင်းထား၍ သင်္ဂြိုလ်ဖို့ရန် အသင့် ထားကြပြီး၊ သူမ၏ကူညီခြင်းကိုခံရသော သူများအားလုံးသည် ပတ်လည်၌ ငိုကြွေးလျက်နေကြ၏။ ဒေါ်ကာရှိစဉ် သူတို့အတွက်သော်ငင်း၊ သူတို့၏ လိုအပ်သော မိသားစုများအတွက် ပြုလုပ်ထားပေးသော အဝတ်များကို သော်ငင်း ပေတရုအား ပြသခဲ့ကြသည်။ သူတို့သည် သူမအား အဘယ်မျှ လောက်ချစ်ခဲ့သနည်း။ အဘယ်မျှလောက် လွမ်းဆွတ်နေမည်နည်း။

ထို့နောက် ပေတရုသည် လူများအားလုံးကို အခန်းထဲမှ ထွက်သွားရန် ကြင်နာစွာ တောင်းဆိုခဲ့၏။ ထို့နောက်တွင် ပေတရုသည် ဘာပြုလုပ်ခဲ့သနည်း။ အငယ် ၄၀၊ ၄၁။

အဲနေကို ကုသသောအခါ ဖြစ်ပျက်သကဲ့သို့ ထိုနည်းတူ ဖြစ်ပျက်ခဲ့၏။ ထိုသို့ ပေတရုပြုလုပ်ခဲ့သည့် အံ့သြဖွယ်ကောင်းသော နိမိတ်လက္ခဏာကို လူများတို့သည် ကြားသောအခါ၌ သူတို့ထဲမှ အများအားဖြင့် ယေရှုခရစ်တော်ကို ယုံကြည်လက်ခံရန် ရွေးချယ်ခဲ့ကြသည်။ အငယ် ၄၂။

**လက်တွေ့ကျင့်သုံးရန်** - ထို့ကြောင့် ဘုရားသခင်သည် နိမိတ်လက္ခဏာများကို လုပ်ဆောင်ခဲ့ရခြင်းဖြစ်သည်။ နိမိတ်လက္ခဏာများသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်ကျော်ကြားမှုအတွက် မဟုတ်ပေ။ သို့မဟုတ် လူများတို့သည် ကျွန်ုပ်တို့ကို မြင်ဖို့ရန်အတွက် မဟုတ်ပေ။ ဘုရားသခင်၏ နိမိတ်လက္ခဏာများသည် လူများက ဘုရားသခင်အား တွေ့မြင်ဖို့ရန်နှင့် ယေရှုခရစ်တော်ကို ယုံကြည်ဖို့ရန် လူများအား အားပေးခြင်း၊ လမ်းညွှန်ခြင်း အတွက် ဖြစ်သည်။

## တနင်္လာနေ့ | တပ်မှူးကော်နေလိထံသို့ ကောင်းကင်တမန် လည်ပတ်ခြင်း (တမန်တော်ဝတ္ထု ၉:၄၃-၁၀:၈) ၂

ယုပ္ပမြို့၏မြောက်ဘက် မိုင် ၃၀ အထက်ဝေးသောနေရာ၌ ကဲသရိမြို့ဟုအမည်ရှိသော မြို့တစ်မြို့ရှိ၏။ ထိုမြို့၌ ကော်နေလိ အမည်ရှိသော သူရှိ၏။ သူသည် လူတစ်ရာကိုအုပ်သော ရောမတပ်မှူးတစ်ယောက်ဖြစ်၏။ ဆိုလိုသည်မှာ သူသည် စစ်သားအယောက် ၁၀၀ ကို အုပ်ချုပ်သော အရာရှိတစ်ဦးဖြစ်သည်။ သူသည် တော်ဝင်မိသားစုမှ ဆင်းသက်လာပြီး၊ အလွန်ချမ်းသာသောသူလည်း ဖြစ်၏။

ကော်နေလိသည် ခေါင်းမာသောပတ်ဝန်းကျင်၌ မွေးဖွား၍ ပညာများကိုသင်ကြားခဲ့သော်လည်း၊ သူသည် သူ့ပတ်လည်၌ရှိသော ယုဒလူမျိုးများထံမှ ဘုရားသခင်အကြောင်းကို လေ့လာသင်ကြားခဲ့လေ၏။ သူလေ့လာသင်ခဲ့သောအရာများဖြင့် သူသည် ရှင်းလင်းစွာသိရှိ၍ ကျေနပ်သဘောကျပြီး၊ သူသည် မိမိအိမ်၌ ဘုရားဝတ်ပြုရန် စတင်ခဲ့သည်။ သူသည် ယုဒလူမျိုး၏ အသင်းသားတစ်ယောက် မဟုတ်ခဲ့ချေ။ သို့သော် ဘာသာရေးခေါင်းဆောင်များသည် ယုဒလူမျိုး အသင်းတော်နှင့် အ ဘယ်သို့ပဲဖြစ်ဖြစ်ချိတ်ဆက်ရန် သူ့အား ခွင့်မပြုခဲ့တော့ချေ။ သူတို့၏အထင်မှာ တပါးအမျိုးသားများအားလုံးသည် ခေါင်းမာသောလူမျိုးနှင့် မသန့်ရှင်းသောလူမျိုးဖြစ်သည်ဟု ထင်ခဲ့ကြသောကြောင့်ဖြစ်သည်။

ဟေရုဒ်မင်းသည် ထိုအချိန်မတိုင်ခင်၊ တမန်တော်များသည် ထောင်ထဲမှ လွတ်မြောက်နိုင်ခဲ့ကြောင်းကို အမှတ်ရခဲ့၏။ ဤအချိန်၌ ပေတရုကို လွတ်မသွားစေရန် စိတ်ဆုံးဖြတ်ချက်ချ၏။ သူ့ကို ထောင်ထဲချပြီး၊ အစောင့်နှစ်ယောက်ဖြင့်စောင့်စေ၏။ ပေတရုရှိနေသောအခန်းနှင့် အပြင်ဘက်ကြားတွင် တံခါးသုံးဆင့်နှင့် စစ်သားများစွာကို နေရာချထား၏။ ပေတရုကို စောင့်ကြပ်နေသော စစ်သားဆယ့်ခြောက်ယောက်အား၊ အကယ်၍ သူလွတ်သွားပါက၊ သင်တို့ကို သတ်မည်ဟု မှာထားခဲ့၏။ ထို့ကြောင့် သူတို့သည် အထူးသဖြင့် နိုးနိုးကြားကြားရှိနေကြ၏။ ယုံ ကြည်သူများတို့သည် အလွန်ဝမ်းနည်းနေကြ၏။ ပေတရု မပါဝင်ဘဲ သူတို့ဘာလုပ်မည်နည်း။ ပေတရုအချုပ်ခန်းထဲရှိနေစဉ် ယုံကြည်သူများ ဘာကို လုပ်ဆောင်ခဲ့ကြသနည်း။ အငယ် ၅။



ပေတရုသည် ကြောက်ရွံ့နေသလား။ မကြောက်ရွံ့ပါ။ ဘုရားသခင်သည် အကောင်းဆုံးလုပ်ပေးလိမ့်မည်ကို ပေတရု ယုံကြည်၏။ ယုံကြည်သူများသည် သူ့အတွက် ဆုတောင်းပေးနေသည်ကို သူသိ၏။ သူအသတ်မခံရသေးခင်၊ ညအချိန်တွင် အပူအပင်၊ ကြောက်လန့်ခြင်းမရှိဘဲ အစောင့်များ၏အလယ်၌ နှစ်ခြိုက်စွာ သူအိပ်ပျော်ခဲ့၏။ အငယ် ၆။

**လက်တွေ့ကျင့်သုံးရန်** - သင်သည် အသတ်မခံရခင် ထိုညတွင် နှစ်ခြိုက်စွာ အပူအပင်အကြောက်အရွံ့မရှိ အိပ်ပျော်နိုင်မည်လား။ သင်သည် ဘုရားသခင်ကို အဘယ်မျှလောက် ယုံကြည်ကိုးစားနေသနည်း။ ဆာလံကျမ်း ၄၆ ကို ဖတ်ပါ။

## သောကြာနေ့ | အကျဉ်းထောင်တံခါး ပွင့်သွားခြင်း (တမန်တော်ဝတ္ထု ၁၂:၆-၂၄) ၄

ဟေရုဒ်မင်းသည် ပေတရုအားသတ်ဖို့ရန် မစီစဉ်ခင် ထိုည၌၊ ပေတရုသည် ထောင်အခန်းထဲ၌ အစောင့်နှစ်ယောက်နှင့်အတူ သံကြိုးဖြင့် ချည်ခံရပြီး၊ အိပ်ပျော်နေခဲ့သည်။ ထိုသို့သူအိပ်ပျော်နေစဉ်၊ တစ်စုံ တစ်ယောက်က သူ့ကို လာတို့ခဲ့သည်။ သူသည် အိပ်ရာမှ မျက်စိကိုဖွင့်လိုက်သည်။ ထောင်အခန်းများ၌ အလင်းထွန်းတောက်နေသည်ကို သိမြင်ခဲ့၏။ ၎င်းသည် ကောင်းကင်တမန်ဖြစ်သည်။

ကောင်းကင်တမန်က "အလျင်အမြန် ထလော့" ဟု ပြောဆို၏။ ပေတရုသည် အိပ်ရာမှ နိုးလာသောအခါ၊ သူ၏လက်ကောက်များ၌ ချည်နှောင်ထားသော သံကြိုးများ ကျွတ်နေသည်ကို သူသည် အနည်းငယ် သတိထားမိခဲ့၏။ ထို့နောက် ကောင်းကင်တမန်သည် ဘာ ဆက်လုပ်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၂:၈-၁၀။



ပေတရုသည် အမှောင်ထဲ၌ သူ့မျက်စိကို စဖွင့်သောအခါ မှုန်ဝါးဝါးဖြင့်သာ သူသွားနေသည့်လမ်းကို သတိပြုမိခဲ့လေ၏။ အလွန်သာယာသောညဖြစ်ကြောင်း သူခံစားခဲ့သည်။ သူသည် လွတ်မြောက်သွားပြီး၊ ဘာပြောခဲ့သနည်း။ အငယ် ၁၁။

ထို့နောက် ပေတရုသည် သူ့အတွက်ဆုတောင်းပေးနေသော ယုံကြည်သူများရှိရာသို့ အလျင်အမြန်သွားရောက်ပြီး၊ တံခါးကို ခေါက်လေ၏။ နောက်ဆုံး၌ ရောဒေအမည်ရှိသော မိန်းမတစ်ယောက်သည် မဖွင့်သေးဘဲ ချောင်းကြည့်ခဲ့ပြီး၊ ပုန်းနေခဲ့၏။ ပေတရုအား အထဲသို့ ဝင်ခွင့်ပေးဖို့ရန် မေ့လျော့ခဲ့၏။ ထို့နောက်တွင် ဘာဖြစ်ပျက်ခဲ့သနည်း။ အငယ် ၁၄ -၁၇။

ထောင်ထဲ၌၊ အစောင့်များသည် ပေတရု ထောင်အခန်းထဲ၌ မရှိသည်ကို တွေ့မြင်သောအခါ သူတို့သည် အလွန်ထိတ်လန့်ခဲ့ကြ၏။ ပေတရုသည် လွတ်သွားခဲ့ပြီ။ ဟေရုဒ်မင်းကြီးသည် ထိုသတင်းကို ကြားသိသောအခါတွင် အလွန်အမျက်ထွက်ခဲ့၏။ ပေတရုအား ကယ်တင်သောသူသည် သာမန်လူမဟုတ်ကြောင်း ဟေရုဒ်မင်း သိခဲ့ရ၏။ သို့သော် ဘုရားသခင်သည် သူ့ထက်ပိုတန်ခိုးကြီးကြောင့် အသိအမှတ်မပြုချင်ခဲ့ပေ။ အပြစ်မရှိသော အစောင့်တို့သည် သူတို့၏ အသက်များကို စတေးခံခဲ့ရ၏။ ထိုရက်စက်ကြမ်းကြုတ်သော ဟေရုဒ်မင်းသည် ယေရုရှလင်မြို့မှ ကဲသရိမြို့သို့ အလည်သွားလေ၏။

ထိုမြို့၌ရှိနေစဉ် ထိုမင်းသည် ဂုဏ်အသရေကြီးစွာသော အခမ်းအနား တစ်ခု ကျင်းပခဲ့၏။ တောက်ပသော အင်္ကျီကို ဝတ်ဆင် ထားသည့် ဟေရုဒ်မင်းသည် လူအုပ်ထံမှ ကျယ်လောင်စွာ အားပေးမှုကို ရရှိရန် မိန့်ခွန်းကို ပြောခဲ့သည်။ သို့သော် လူများတို့သည် အဘယ်သို့ ကြွေးကြော်ခဲ့ကြသလဲ။ ထို့နောက် ဟေရုဒ်မင်း ဘာဖြစ်သွားခဲ့သလဲ။ အငယ် ၂၂၊ ၂၃။

ပေတရုကို ဘုရားသခင် အဘယ်မျှအံ့သြဖွယ်စွာ ကယ်လွတ်ခဲ့ကြောင်းနှင့် နှိပ်စက်သူများကို လဲကျစေသည့်အကြောင်းကို လူများတို့သည် ကြားခဲ့၏။ ထိုသို့အားဖြင့်၊ လူများတို့သည် ယေရှုခရစ်တော်ကို ယုံကြည်လက်ခံဖို့ရန် ရွေးချယ်ခဲ့ကြ၏။

**လက်တွေ့ကျင့်သုံးရန်** - ဘုရားသခင်ကို ဆန့်ကျင်ဘက်ပြုတိုက်ခိုက်သောအခါ ကျွန်ုပ်တို့သည် အမြဲအနိုင်ရမည်လား။ လုံးဝ မရနိုင်ပါ။ ကျွန်ုပ်တို့သည် အချိန်တိုင်း ရှုံးနိမ့်ခြင်းဘက်သို့သာ ရှိနေရကြမည်ဖြစ်သည်။ ယေရမိအနာဂတ္တိကျမ်း ၁၇:၁၀၊ ကောရိန္သုသြဝါဒစာ ဒုတိယစာစောင် ၅:၁၀။ ကျွန်ုပ်တို့သည် ဘုရားသခင်ဘက်၌ ရှိနေသောအခါ အမြဲရှုံးနိုင်မည်လား။ ရောမသြဝါဒစာ ၈:၃၁။

ကော်နေလိသည် သူ၏အလုပ်ကို ကောင်းစွာလုပ်ဆောင်နိုင်ရန်နှင့် ကောင်းသောဆုံးဖြတ်ချက်ပြုလုပ်နိုင်ရန် ဘုရားသခင်၏ အကူအညီလိုအပ်ကြောင်း သိနားလည်ပြီး၊ သူသည် ဘုရားသခင်၏ လမ်းညွှန်မှုအတွက် မကြာခဏ ဆုတောင်း၏။ သူသည် ဘုရားသခင်အပေါ်ယုံကြည်ခြင်းကို ဆင်းရဲသားများအား ငွေပေးကမ်းခြင်းအားဖြင့်သော်၎င်း၊ မိမိအိမ်၌သော်၎င်း၊ အလုပ်၌သော်၎င်း သူ၏သစ္စာရှိခြင်းအားဖြင့် သက်သေပြသခဲ့၏။ အဘယ်ကြောင့်ဆိုသော် သူသည် ဖြောင့်မတ်သောသူ၊ ရက်ရောသောပုဂ္ဂိုလ်ဖြစ်ပြီး ထိုနေရာဒေသ၌ သူ့ကို လူသိများခဲ့၏။ ယုဒလူမျိုးများ၊ တပါးအမျိုးသားများ နှစ်မျိုးစလုံးသည် သူ့အား ရိုသေလေးစားခဲ့ကြ၏။

ကော်နေလိသည် ကြွလာမည့်မေရှိယအကြောင်းနှင့်ပက်သက်သည့် ပရောဖက်ပြုချက်များကို ယုံကြည်ခဲ့သည်။ သို့သော် မေရှိယ သခင်သည် ကြွလာခဲ့ပြီးဖြစ်ကြောင်းကို သူ မသိရှိခဲ့ပေ။ တနေ့မွန်းလွဲပိုင်း၌ သူ ဆုတောင်းနေစဉ် ကောင်းကင်မှ ကောင်းကင်တမန်တစ်ပါးသည် ထူးမြတ်သောသတင်းစကားတစ်ခုကို ယူဆောင်လာပြီး သူ့ရှေ့၌ ပေါ်လာခဲ့၏။ ထိုသတင်းစကားမှာ အဘယ်နည်း။ တမန်တော်ဝတ္ထု ၁၀:၃-၆။

ကော်နေလိသည် ကောင်းကင်တမန်၏စကားကို စိတ်အားထက်သန်စွာ နားထောင်၏။ သူသည် ချက်ချင်း သူ၏တပ်သားသုံးယောက်အား ခေါ်ပြီး၊ ကောင်းကင်တမန်၏သူ့ထံ လည်ပတ်ခြင်းအကြောင်းကို သူတို့အား ပြောပြခဲ့၏။ ထို့နောက် ပေတရုကို သွားတွေ့ဖို့ရန် သူတို့အား ယုပ္ပမြို့သို့ စေလွှတ်လိုက်၏။ အငယ် ၇၊ ၈။

ပေတရုသည် ယုဒလူမျိုးများထံ ယေရှုခရစ်တော်အကြောင်း ဧဝံဂေလိသတင်းကို ဝေငှဖို့ရန် ကြီးမားလေးလံသော ဝန်ထုပ်တစ်ခုဖြစ်သည်ဟု ခံစားခဲ့၏။ သို့သော် ပေတရုဖြစ်စေ၊ တခြားသောတမန်တော်များဖြစ်စေ တပါးအမျိုးသားများထံ ဧဝံဂေလိသတင်းစကားကို ဝေငှဖို့ရန် အဘယ်သူမှ ကြိုးစားအားထုတ်ခြင်း မပြုခဲ့သေးချေ။ သူတို့အားလုံး ထင်မြင်သည်မှာ ဧဝံဂေလိသတင်းစကား၏ကောင်းကြီးမင်္ဂလာများသည် ယုဒလူမျိုးများအတွက်သာဖြစ်သည်၊ တပါးအမျိုးသားများအတွက် မဟုတ်ဟု ထင်မြင်ခဲ့ကြသည်။

သို့သော် ထိုအချိန် ကော်နေလိထံမှ ထိုလူသုံးယောက်တို့သည် ယုပ္ပမြို့သို့သွားသောလမ်း၌ ရောက်နေပြီဖြစ်သည်။ သူသည် ထိုလူများနဲ့ အတူသွားသင့်ကြောင်း တပါးအမျိုးသားဖြစ်သော ကော်နေလိနှင့် စကားပြောသင့်ကြောင်းကို ဘုရားသခင်သည် ပေတရု၏စိတ်နှလုံးကို အဘယ်သို့ ဖွင့်ပေးပြီး ယုံကြည်စေနိုင်ခဲ့သနည်း။

**လက်တွေ့ကျင့်သုံးရန် -** သင်သည် တစ်စုံတစ်ယောက်အား ယေရှုခရစ်တော်အကြောင်း မပြောပြရန် ရွေးချယ်ချန်ထားပါသလား။ ဘုရားသခင်သည် ဧဝံဂေလိသတင်းစကားကို လူတိုင်းကြားနာဖို့ရန် အလိုရှိကြောင်း သင် သတိရပါ။

## အင်္ဂါနေ့ ၊ ပေတရု၏ရူပါရုံ (တမန်တော်ဝတ္ထု ၁၀း၉-၂၃) ၃

ထိုအချိန်သည် မွန်းလွဲပိုင်းကျော်လွန်ခါနီးဖြစ်ပြီး ကော်နေလိ ၏ အိမ်မက်ရူပါရုံပြီးနောက်၊ ပေတရုသည်လည်း သူနေထိုင်သော အိမ်ခေါင်မိုးပေါ်တွင် ဆုတောင်းဖို့ရန် တက်သွားခဲ့၏။ ဘုရားသခင်သည် ပေတရုအား ယေရှုခရစ်တော်၏ ဧဝံဂေလိသတင်းသည် ယုဒ လူမျိုးများအတွက်သာမဟုတ်၊ လူတိုင်းအတွက်ဖြစ်ကြောင်းကို ပြသရန် လိုအပ်ခဲ့သည်။

ထို့ကြောင့်၊ ထိုအချိန်၌ ကော်နေလိ၏အစေခံများသည် ယုပ္ပမြို့သို့ ရောက်လုနီးပါးဖြစ်၏။ ထိုကော်နေလိအား စကားပြောသောကောင်းကင်တမန်သည် ထိုရူပါရုံနှင့်အတူ ပေတရုထံသို့လာခဲ့၏။ ရူပါရုံထဲ၌ ပေတရုသည် ဘာကို မြင်တွေ့ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၀:၁၁၊ ၁၂။



ထို့နောက် ပေတရုသည် သူမြင်တွေ့ခဲ့သော တိရစ္ဆာန်များကိုသတ်၍စားဖို့ရန် ပြောနေသောအသံကို ကြားခဲ့ရ၏။ သို့သော် သူသည် မသန့်ရှင်းသောအစာများ အဘယ်တစ်ခုကို မစားကြောင်း ပြောဆိုပြီး၊ အားတက်သရောကန့်ကွက်ခဲ့၏။ ထိုအသံသည် ပေတရုအား အဘယ်သို့ ပြန်တုန့်ပြန်ခဲ့သနည်း။ အငယ် ၁၅။

ဤရူပါရုံသည် သုံးကြိမ်တိုင်တိုင်ဖော်ပြပြီးနောက် ပြီးဆုံးခဲ့၏။ သို့သော် ၎င်းသည် ဘာအဓိပ္ပာယ် သက်ရောက်နိုင်သနည်း။ ပေတရုသည် အံ့သြနေချိန်တွင် ကော်နေလိထံမှ လူသုံးဦးသည် ရောက်လာ၍၊ ပေတရုအား တွေ့ဆုံဖို့ရန် ခွင့်တောင်းခဲ့သည်။ ထိုအချိန်၌ပင် ပေတရုအား သန့်ရှင်းသောဝိညာဉ်တော် စကားပြောခဲ့၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ပေတရုအား ဘာပြောခဲ့သနည်း။ အငယ် ၁၉၊ ၂၀။

ပေတရုသည် ရိုသေကျိုးနွံစွာနာခံပြီး၊ အောက်သို့ဆင်း၍ သူတို့အား ဘာအလိုရှိကြောင်း မေးမြန်းခဲ့၏။ သန့်ရှင်းသောကောင်းကင်တမန်တစ်ပါးက ရောမတပ်မှူးကော်နေလိထံ အလည်လာပြီး၊ စကား ပြောခဲ့သည့်အကြောင်းကို သူတို့သည် ပေတရုအား ပြောပြပြီး၍ သူ့အိမ်ထဲဝင်ဖို့ရန် ခွင့်တောင်းခဲ့ကြ၏။

ထိုအချိန်ထက် တစ်နာရီမျှစောပါက၊ ပေတရုသည် သူတို့ဖိတ်ခေါ်ခြင်းကို ငြင်းဆိုမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် တပါးအမျိုးသားများသည် မသန့်ရှင်းသောသူများဖြစ်ကြောင်း ထင်ခဲ့၏။ သို့သော် ပေတရုသည် ထိုအချိန်၌ သူရရှိခဲ့သော ရူပါရုံကို သတိရပြီး၊ ဘုရားသခင်သည် ရူပါရုံ၌ တိရစ္ဆာန်များအကြောင်းမဟုတ်ဘဲ၊ လူများအကြောင်း ပြောနေသည်ကို သူနားလည်သဘောပေါက်ခဲ့လေ၏။ အဘယ်ပုဂ္ဂိုလ်ကိုမဆို မသန့်ရှင်းသောသူများဟု မခေါ်သင့်ကြောင်းကို ဘုရားသခင်က သူ့အားပြောနေသည်။ ၎င်းသည် ပေတရုအတွက် တပါးအမျိုးသားများအကြောင်းနှင့်ပတ်သက်၍ ရုတ်တရက် ကွဲပြားစွာ စဉ်းစားဆုံးဖြတ်ဖို့ရန် အလွန်ခက်ခဲခဲ့လေ၏။ သို့သော် သူသည် ဘုရားသခင်၏စကားကို နာခံရန် ဆုံးဖြတ်ခဲ့၍၊ ကော်နေလိထံသို့ အလည်ပတ်သွားရန် ထိုလူသုံးဦးနှင့်အတူ လိုက်သွားခဲ့လေ၏။

ဘယ်လိုပဲဖြစ်ဖြစ်၊ ပေတရုသည် သူ လုပ်ဆောင်သောအရာကို သူတို့တွေ့ရှိသောအခါ၊ ယေရုရှလင်မြို့၌ရှိသော အသင်းတော်ခေါင်းဆောင်များသည် ပျော်ရွှင်မည်မဟုတ်ကြောင်း သိခဲ့သည်။ ထို့ကြောင့် အမှန်တကယ်ဖြစ်ပျက်နေကြောင်းကို သံသယများမရှိစေရန်၊ တပါးအမျိုးသားများထံ လည်ပတ်နေသည့်အတောအတွင်း သူလုပ်ဆောင်ခဲ့သော အရာဟူသမျှနှင့် သူပြောသမျှသောအကြောင်းမှန်သမျှကို ဆန်းစစ်ဖို့ရန် လူခြောက်ယောက်ကို သူနှင့်အတူလိုက်သွားဖို့ရန် ရွေးချယ်ခဲ့၏။

**လက်တွေ့ကျင့်သုံးရန် -** ဘုရားသခင်က သင်မှန်သည်ဟု အစဉ်အမြဲထင်မြင်နေသော အတွေးအခေါ်တစ်ခုကို ပြောင်းလဲရန် သင့်အားတောင်းဆိုခဲ့ဖူးပါသလား။ ၎င်းသည် ခက်ခဲနိုင်သော်လည်း ပေတရုကဲ့သို့ သင့်ထံ၌ ပြောင်းလဲချင်သော စိတ်ဆန္ဒ ရှိပါသလား။

## ဗုဒ္ဓဟူးနေ့ ၊ တပါးအမျိုးသားများ ပြောင်းလဲခြင်း (တမန်တော်ဝတ္ထု ၁၀း၂၄-၁၁း၁၈) ၄

ပေတရုသည် ကဲသရိမြို့၌ ကော်နေလိ၏နေအိမ်သို့ ရောက်သည်နှင့် ကော်နေလိသည် သူ့အားကိုးကွယ်မည်ဟု သူ၏ခြေရင်း၌ ပြပ်ဝပ်လိုက်သောအခါ ပေတရုသည် ထိတ်လန့်တုန်လှုပ်ခဲ့၏။ ထိုအရာအတွက် သူသည် ဘာလုပ်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၀:၂၅၊ ၂၆။ သူတို့သည် အိမ်တွင်းသို့ အတူတကွဝင်ကြသော်၊ ကော်နေလိ၏မိသားစုနှင့် မိတ်ဆွေများ စကားပြောနှုတ်ဆက်ဖို့ အသင့်စောင့်နေကြသည့် လူများကို ပေတရုတွေ့လေ၏။



ပေတရုက ယုဒလူဖြစ်သောသူတို့သည် တပါးအမျိုးသားတို့ထံသို့ လည်ပတ်ခြင်းသည် ဥပဒေစည်းမျဉ်းချိုးဖောက်ရာရောက်သည်ဖြစ်ကြောင်း သူတို့သိပြီးသားအကြောင်းကို ပြောရင်း စကားအစပြုခဲ့၏။ “သို့သော်လည်း ညစ်ညူးသည် မစင်ကြယ်ဟု အဘယ်သူကိုမျှ မခေါ်သင့်ကြောင်း၊” “ဘုရားသခင်သည် ငါ့အားပြသတော်မူပြီ” ဆက်ပြောခဲ့လေ၏။ ထို့ကြောင့် ပေတရုက ငါ့ကို ခေါ်ကြသောအခါ၊ ငါသည် မငြင်းမခုံလျက်လာသည်ဟု ပြောပြီး၊ အဘယ်အကြောင်းကြောင့် ခေါ်သနည်းဟု ကော်နေလိအား မေးလေ၏။

ထို့နောက်တွင် ကော်နေလိသည် ကောင်းကင်တမန်အား မြင်တွေ့ခဲ့သည့်သူ၏အတွေ့အကြုံနှင့် ထိုကောင်းကင်တမန်သည် ပေတရုအား သွားခေါ်ဖိတ်ရန်မှာထားကြောင်းကို လူများအား ပြောပြလေ၏။ ထို့နောက် ပေတရုသည် အဘယ်သို့ ပြန်ပြောခဲ့သနည်း။ အငယ် ၃၃။



ပေတရုသည် အများကြီးသင်ယူနေခဲ့ရ၏။ ဘုရားသခင်၌ အနှစ်သက်ဆုံးသောလူမျိုးများ သီးသန့်မရှိကြောင်းနှင့် သို့သော် ဘုရားသခင်သည် လူမျိုးတိုင်း၌ရှိသည့်လူများအားလုံးအား ကယ်တင်ဖို့ရန် အလိုရှိကြောင်းကို သူသည် နားလည်သဘောပေါက်ခဲ့လေ၏။ ထိုအရာသည် သူ၏ရူပါရုံ၏အနက်အဓိပ္ပာယ်ဖြစ်လေ၏။ အငယ် ၃၄၊ ၃၅။

ထို့နောက် ပေတရုသည် ယေရှုခရစ်တော်၏ အကြောင်းဖြစ်သည့် သခင်၏အသက်ရှင်ခြင်းနှင့် အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွခြင်း၊ ကောင်းကင်၌အမှုဆောင်ရွက်နေသည့်အကြောင်းစုံတို့ကို သူတို့အား ပြောပြခဲ့လေ၏။ ပေတရုက ယေရှုခရစ်တော်၌ယုံကြည်ခြင်းသည် သူတို့၏အပြစ်များ ခွင့်လွှတ်ခြင်းအတွက် နည်းလမ်းတစ်ခုတည်းဖြစ်ကြောင်းကို သူတို့အား ပြောပြခဲ့လေ၏။

ပေတရုစကားပြောနေစဉ်၊ သန့်ရှင်းသောဝိညာဉ်တော်သည် တမန်တော်များနှင့် ယုဒယုံကြည်သူများထံသို့ ကျရောက်သကဲ့သို့ ထိုတပါးအမျိုးသားယုံကြည်သူများထံသို့ ကျရောက်လေ၏။ ထို့နောက် ဘာဖြစ်ပျက်ခဲ့သနည်း။ အငယ် ၄၅-၄၈။

ပေတရုသည် တပါးအမျိုးသားများနှင့် အလည်အပတ်ပြုနေသည့် ယေရုရှလင်မြို့၌ရှိသော ခေါင်းဆောင်များသည် ထိုသတင်းကို ကြားသောအခါ၊ သူတို့သည် မပျော်ရွှင်ခဲ့ကြချေ။ ပေတရုသည် သူတို့နှင့် အငြင်းအခုံပြုမည့်အစား၊ သူ၏ရူပါရုံအကြောင်းနှင့် ထိုလူသုံးယောက်နှင့်အတူသွားဖို့ရန် အမိန့်ရရှိကြောင်းကို ရိုးရှင်းစွာ ပြောပြခဲ့လေ၏။ ပေတရုသည် သူ၏တင်ပြချက်ကို မည်ကဲ့သို့ အဆုံးသတ်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၁း၁၆၊ ၁၇။

အကြောင်းစုံကို သူတို့ကြားသိခဲ့သောအခါ၊ သူတို့၏ စိတ်နေသဘောထားများကို ပြောင်းလဲခဲ့ကြပြီး၊ ထိုအရာအတွက် ဘုရားသခင်အား ချီးမွမ်းခဲ့ကြလေ၏။ ထိုအချိန်တွင် သူတို့၏အတွေးအမြင်သည် ဘုရားသခင်၏ အမြင်နှင့် လုံးဝကွာခြားနေကြောင်း ရှင်းလင်းစွာ တွေ့မြင်ခဲ့ကြ၏။ ထိုအချိန်မှစ၍ တပါးအမျိုးသားထံသို့ ယေရှုခရစ်တော်၏ဧဝံဂေလိသတင်းစကားကို ဟောပြောဖို့ရန် အတွက် လမ်းစပွင့်ခဲ့လေ၏။

**လက်တွေ့ကျင့်သုံးရန် -** သင်သည်လည်း ထိုတပါးအမျိုးသားများကဲ့သို့ ဘုရားသခင်၏စကားတော်ကို ကြားဖို့ရန် စိတ်အားထက်သန် နေပါသလား။ တမန်တော်ဝတ္ထု ၁၀း၃၃။

## ကြာသပတေးနေ့ ၊ ပေတရု အကျဉ်းထောင်ကျခြင်း (တမန်တော်ဝတ္ထု ၁၂း၁-၆) ၅

ထိုအချိန်သည် သတေဖန်ကိုခဲနှင့်ပေါက်သတ်ခဲ့ပြီးနောက် ဆယ်နှစ်ခန့်အကြာဖြစ်၏။ ယေရုရှလင်မြို့ရှိ ယုဒဘာသာရေး ခေါင်းဆောင်များသည် ယေရှုခရစ်တော်အား ယုံကြည်သူမှန်သမျှအားလုံးကို ဖျက်စီးရန် ဆုံးဖြတ်နေချိန်ဖြစ်၏။ သူတို့သည် ဘုရင်ဟေရုဒ်၊ အဂြိပ္ပမင်းထံမှ ခွန်အားရှိသော ကူညီသူတစ်ဦးကို တွေ့ရှိသောအခါ အလွန်ပျော်ရွှင်ခဲ့ကြ၏။ သူသည် ယုဒလူမျိုးများ၏ဘာသာသို့ ပြောင်းလဲရန် ကြွေးကြော်သူဖြစ်ပြီး၊ ယုဒလူမျိုးများ၏ထုံးထမ်းဥပဒေများကို ဂရုတစိုက်နာခံဖို့ရန် ကြွေးကြော်သောသူဖြစ်၏။



ဟေရုဒ်မင်းသည် ယုံကြည်သူများကို ညဉ်းဆဲဖျက်စီးဖို့ရန် ဘာသာရေးခေါင်းဆောင်များနှင့် အဖွဲ့ဝင်တစ်ဦးအဖြစ် ချိတ်ဆက်ခဲ့၏။ သူသည် ယောဟန်၏ညီ၊ ယာကုပ်အားလည်း ထောင်ထဲချလေ၏။ ဟေရုဒ်မင်းသည် ယာကုပ်အား ခေါင်းဖြတ်သတ်ဖို့ရန် အမိန့်ထုတ်ပြန်သောအခါ၌ ဘာသာရေးခေါင်းဆောင်များသည် ဝမ်းမြောက်ခဲ့ကြ၏။ သူတို့သည် ယာကုပ်အား အကျဉ်းထောင်ထဲ၌ သီးသန့် မကွပ်မျက်စေချင်ခဲ့ချေ။ အများပြည်သူများရှေ့၌ ကွပ်မျက်ခြင်းသည် ယုံကြည်သူများကို ပိုမိုခြိမ်းခြောက်လိမ့်မည်ဟု သူတို့ထင်ခဲ့ကြလေ၏။ ထို့ကြောင့်၊ သူတို့ကျေနပ်နှစ်သက်ဖို့ရန်၊ ဟေရုဒ်မင်းက ပေတရုကို လူအများရှေ့၌ ကွပ်မျက်ရန် ဆုံးဖြတ်လိုက်၏။ တမန်တော်ဝတ္ထု ၁၂း၂-၃။

သို့သော် ထိုအချိန်သည် ပသခါကျင်းပသောအပတ်ဖြစ်၍၊ လူအများသည် ပေတရုအား သနားဂရုဏာသက်မည်ကို သူတို့သည် စိုးရိမ်ခဲ့ကြ၏။ အကယ်၍ ပေတရုသည် သူ၏တန်ခိုးပါသော တရားဟောချက်များထဲမှ တစ်ခုခုအား ဟောပြောပါက၊ သူ့ကို လွှတ်မြောက်ပေးစေရန် လူအများတို့သည် တောင်းဆိုနိုင်လိမ့်မည်။ ထို့ကြောင့် သူတို့သည် ပသခါပွဲပြီးဆုံးသောအချိန်ထိတိုင် ပေတရုကို ကွပ်မျက်ရန် အချိန်ဆွဲဆိုင်းခဲ့လိုက်၏။